ကန်ဆွယ်ကျေးရွာ

မြင်းမူမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၁၉-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကန်ဆွယ်ကျေးရွာ၊မြင်းမူမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

မာတိကာ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့်ပထဝီအနေအထား

၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

၅။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

၆။ ပညာရေး

၇။ ကျန်းမာရေး

၈။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

၉။ ကျား-မရေးရာ

၁၀။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာတည်မှုဆိုင်ရာအခြေပြဇယား

၁။ တည်နေရာနှင့်ပထဝီအနေအထား

အိမ်ထောင်စုပေါင်း(၂၉၆)စု နှင့် ကျား(၅၄၇)၊ မ(၆၇၆)ဦးဖြင့် လူဦးရေပေါင်း(၁၂၂၃)ဦးရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း(၅)ဦး ထက်လျော့နည်းသည်။ကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့် အရွယ်သည် ကျေးရွာရှိလူဦးရေအားလုံးတို့၏ (၇၄.၄ %)ရှိပါသည်။

ကန်ဆွယ်ကျေးရွာသည်မြင်းမူမြို့၏ မြောက်ဘက်တွင်တည်ရှိပါသည်။ ကျေးရွာအနောက် မြောက်ဘက်တွင် ညောင်ပင်ကန်ကျေးရွာ၊ မြောက်ဘက်တွင်ငါးကင်းကျေးရွာ၊ တောင်ဘက်တွင် ရုံးကားကျေးရွာများရှိပါသည်။ မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်း မှာ စိုက်ပျိုးရေး လုပ်ငန်းဖြစ်သည်။

၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပြီး လယ်မြေ၊ ယာမြေများရှိပြီး၊ မြေဆီလွှာ အရည်အသွေး အသင့်အတင့်ကောင်းမွန်ပါသည်။ ကျန်ပ်တို့ကျေးရွာတွင် မိုးရေနှင့်အဝီစိတွင်းများမှ စိုက်ပျိုးရေးကိုအလုံအလောက်ရရှိစိုက်ပျိုးနိုင်ပါသည်။ မြို့နယ်သည် အပူပိုင်းဒေသတွင် ပါဝင်ပြီး မိုးရေချိန် ၄၀ လက်မအောက်သာ ရှိပါသည်။ နွေရာသီအချိန်အခါ၌ အလွန်ပူးပြင်းခြောက်သွေ့သော ရာသီဥတုမျိုးဖြစ်ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင်လူထုအခြေပြုအဖွဲ့အစည်း(၈)ဖွဲ့ရှိပါသည်။ တောင်သူလယ်သမားအဖွဲ့၊ မီးလင်းရေး အဖွဲ့၊အမျိုသားအဖွဲ့၊အမျိုးသမီးအဖွဲ့၊ ကျောင်းကော်မတီအဖွဲ့၊ ရေကော်မတီအဖွဲ့၊ ကာလသားခေါင်း ဆောင်အဖွဲ့နှင့်မေတ္တာမွန်ပရဟိတအသင်းအဖွဲ့များရှိပါသည်။အမျိုးသား၊အမျိုးသမီးများ ပူးပေါင်းပါဝင် ကြပါသည်။ ကျေးရွာ၏ သာရေး၊နာရေး၊ လူမှုရေး၊ဘာသာရေး၊ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း တက်ညီ လက်ညီ လုပ်ဆောင်နေကြပါသည်။ ပရဟိတအဖွဲ့များကိုလည်း ကျေးရွာမှ လူကြီးအချို့ဦးဆောင်ပြီး လူငယ်လူရွယ်များပါဝင် ဖွဲ့စည်းထားကာ ကျန်းမာရေးနှင့်အခြားလူမှုရေးကိစ္စရပ်များကို ဆောက်ရွက် လျှက်ရှိကြသည်။ ကျေးရွာသားအများစုမှာ ကျေးရွာအတွင်းအသင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက် လျက်ရှိကြပါသည်။

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေ အနေအထားမှာ သာမန်အားဖြင့် အသင့်အတင့်ကောင်းမွန်ပါသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး ၏ (၇၅.၅)ရာခိုင်နှုန်းသည် ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုအဖြစ် သတ်မှတ်ကြပြီး (၁၀.၅)ရာခိုင်နှုန်းသည် ချမ်းသာသည့်အဆင့်၊(၁၄)ရာခိုင်နှုန်းသည် အလယ်အလတ် အဆင့်ရှိကြသည်ဟု သတ်မှတ်ကြပါသည်။ ကျေးရွာတွင်ယာမြေ(၁၆၁၆)ဧက၊ လယ်မြေ(၁၃၀.၅)ဧကရှိပြီး မြေဆီမြေဩဇာ များး ယေဘူယျအားဖြင့် အသင့်အတင့် ကောင်းမွန်ပါသည်။ စိုက်ပျိုးရေးကို အများအားဖြင့် အဝီစိတွင်းများမှ ရာသီအလိုက်ရရှိပါသည်။ လုံလောက်မှုမရှိပါ။

ကျေးရွာတွင် အဓိကအားဖြင့် နှမ်း၊မြေပဲ၊ပြောင်း၊ပဲမျိုးစုံတို့ကို စိုက်ပျိုးကြပြီး မိုးရေရရှိမှုနည်းသဖြင့် စပါးသီးနှံကိုအနည်းငယ်သာစိုက်ပျိုးပါသည်။ ပျမ်းမျှအားဖြင့် အထွက်နှုန်းအသင့်အတင့်ရှိပါသည်။ အချို့အိမ်ထောင်စုများမှာ ကွမ်း၊ လျှော်ဖြူစိုက်ခင်းများ နှင့် သရက်ခြံများရှိသည်။ မြေပဲတစ်ဧကလျှင်(၂၅)တင်းပျမ်းမျှထွက်ရှိပါသည်။ လယ်ယာသုံးကိရိယာ အသုံးပြုမှုအနေဖြင့် ထွန်စက်(၁)စီး၊ လက်တွန်းထွန်စက်(၄)စီး၊ ရေစုပ်စက်(၇၃)လုံးရှိပါသည်။ ကျေးရွာတွင် လယ်ထွန်စက်အပိုင်မရှိသည့် တောင်သူများသည် ငှားရမ်းထွန်ယက်ကြရာတွင် တစ်ဧက ကာလပေါက်ဈေး (၁၈၀၀၀)/(၂၀၀၀၀) ကျပ်ဝန်းကျင် ပေးငှားရမ်းရကာ ငှားရမ်းခ ဈေးနှုန်းကြီးမြင့်မှုကို ရင်ဆိုင်ရသည်။

ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်လအတိုးနှုန်း(၆၀)ပြားတိုး တစ်ဧကလျှင်(၁၀၀၀၀၀)ကျပ်နှုန်းဖြင့် အများဆုံး(၁၀)ဧက အတွက် ချေးယူနိုင်ကြပါသည်။ မွေးမြူရေးအနေဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူကြပါသည်။နွားၫနို့စားနွားများကို အဓိကအားဖြင့် လယ်ယာသုံးလုပ်ငန်းတွင် အသုံးပြုရန်နှင့် အပိုဝင်ငွေရရှိရန် မွေးမြူကြပါသည်။ကြက်၊ ဝက်များကိုလည်း အနည်းငယ်မွေးမြူကြပါသည်။အိမ်ထောင်စုအချို့မှာလည်း ကျပန်း၊ လက်လုပ်လက်စား၊ လက်သမား၊ပန်းရံ၊အိမ်ဈေးဆိုင်စသော အသေးစားအိမ်တွင်းလုပ်ငန်းများကိုလည်း လုပ်ကိုင်ဆောင်ရွက်ကြပါသည်။ကျပန်းအလုပ်သမားအချို့သည် လခစားအလုပ်အနေဖြင့် အခြားမြို့ရွာများသို့ သွားရောက်အလုပ်လုပ်ကိုင်ကြသည်။

၅။ အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

ကျေးရွာချင်းဆက်လမ်းမှာ မြေသားလမ်းဖြစ်ပြီး အသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာ၏ ကုန်သွယ်မှုနှင့် လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ်(၂၂၉)စီးနှင့် နွားလှည်း(၁၃၃)စီး၊ ထော်လာကျီ(၁၅)စီး၊ ကား(၁၆)စီးတို့ကို အသုံးပြုကြပါသည်။ ကျေးရွာတွင်လျှပ်စစ်မီးရရှိပြီး ဖြစ်သော်လည်း အိမ်တိုင်းအားလုံး မီးမရရှိသေးသည်မှာ အဓိကအားနည်းချက်တစ်ရပ် ဖြစ်နေပါသည်။ ကျေးရွာမီးလင်းရေးအတွက် တစ်ပိုင်တစ်နိုင် ဆိုလာမီးများကိုအသုံးပြုကြရပါသည်။အိမ်တိုင်းနီးပါးမျှ လက်ကိုင်ဖုန်းအသုံးပြုနေကြပြီဖြစ်ပါသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့် မျှသာကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုကြပါသည်။ ကျေးရွာတွင် စာကြည့်တိုက်အဆောက်အဦးလည်းမရှိသေးပါ။ ရွာသူ/ရွာသား အများစုသည် စာပေဗဟုသုတ လွန်စွာအားနည်းနေပါသေးသည်။

၆။ ပညာရေး

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်မြင့်မားကြောင်းတွေ့ရှိရသည်။ ရွာသား အများစုသည် အခြေခံ အရေး၊အဖတ် တို့ကိုတတ်မြောက်ကြပြီး စာမတတ်သူရာခိုင်နှုန်း သည် (၇.၇) ရာခိုင်နှုန်းသာရှိပါသည်။ လူဦးရေ၏ (၅၀)ရာခိုင်နှုန်းကျော်သည် အခြေခံမူလတန်း ပညာပြီးမြောက် သူများဖြစ်ကြောင်းတွေ့ရှိရပါသည်။ကျေးရွာတွင် မူလတန်းကျောင်းအဆင့်ရှိပါသည်။ ဆရာ/ဆရာမ အစိုးရခန့်(၆)ဦးရှိပါသည်။ ကျောင်းသားဦးရေနှင့်တွက်ဆလျှင် လုံလောက်ပါသည်။ ကျေးရွာတွင် မူလတန်းပညာကိုအဆောင်(၁) အလျား (၄၉)ပေ၊အနံ(၂၃)ပေ၊အရွယ်ရှိ သွပ်မိုး၊အုတ်နံရံကာ၊အင်္ဂတေ အခင်းနှင့် အဆောင်(၂) အလျား (၈၈)ပေ၊အနံ(၂၃)ပေ၊အရွယ်ရှိ သွပ်မိုး၊ အုတ်နံရံကာ၊ အင်္ဂတေအခင်းကျောင်းဆောင်တွင်သင်ကြားနိုင်သည်။ ကျောင်း၌ပဓိရုပ်သည် အသင့်အတင့် ကောင်းမွန်ပါသည်။ အလယ်တန်းကျောင်းပညာရေးနှင့်အထက်တန်းပညာတို့အတွက် ညောင်ပင်ကန် ကျေးရွာသို့လည်းကောင်း၊ မြင်းမူမြို့သို့လည်းကောင်း တက်ရောက်ကြပါသည်။ ကျေးရွာ၏ ကျောင်းတက်နှုန်းသည်လည်း ကောင်းမွန်ပါသည်။ ရာနှုန်းပြည့်နီးပါးသည် မူလတန်းနှင့် အလယ်တန်းပညာတက်ရောက် ပညာသင်ကြားနေပါသည်။ အထက်တန်းနှင့်တက္ကသိုလ်ပညာ တတ်ရောက်မှုသည် လျော့နည်းပါသည်။ မူလတန်းနှင့် အလယ်တန်းပညာ တက်ရောက်ပြီးလျှင် ကျောင်းထွက်ပြီး မိသားစုလုပ်ငန်းကို ဝင်ရောက်လုပ်ကိုင်ကြပါသည်။

၇။ ကျန်းမာရေး

ကျေးရွာတွင် အသင့်အတင့်အဖြစ်များသော ရောဂါများမှာ ဝမ်းပျက်ဝမ်းလျော၊ ဆီးချို၊ တီဘီနှင့်ရာသီကူးပြောင်းချိန်တွင် ဖြစ်တတ်သော နှာစေးချောင်းဆိုးလောက်သာ ဖြစ်ပွားကြပါ့သည်။ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်များ ကာကွယ်ဆေးပုံမှန်လာရောက် ထိုးနှံမှုရှိပါသည်။

ကန်ဆွယ်ကျေးရွာတွင်ကျေးလက်ဆေးပေးခန်းမရှိပါ။(၈)ဖာလုံခန့်ဝေးကွာသောညောင်ပင်ကန် ကျေးရွာ ကျေးလက်ဆေးပေးခန်းသို့လည်းကောင်း၊(၁၀)မိုင်ခန့် ကွာဝေးသော မြင်းမူမြို့ဆေးရုံကြီးသို့ သွားရောက်ဆေးကုသရပါသည်။ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်း မရှိသဖြင့် ကျေးရွာအတွက် အရေးပေါ်လိုအပ်ချက်ရှိပါက အဆင်ပြေစေနိုင်ရန် ကျေးလက်ဆေးပေးခန်း တစ်ခုရရှိရေးကို လိုလားနေကြသည်။

ကျေးရွာတွင် ရေတွင်း (ပန့်တွင်း)များမှ မြေအောက်ရေကို အလွယ်တကူ လုံလောက်စွာရရှိ ပါသည်။တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှုများ နည်းပါးပါသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာ စနစ်တကျဆောက်လုပ်ထားပြီး ကျောင်းသူ/သားများအတွက် အသုံးပြုရန်လွယ်ကူသည်။

၈။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာ၏ သဘာဝဘေးအန္တရာယ်ကျရောက်မှုအခြေအနေသည် အများအားဖြင့် မိုးရေချိန် နည်းပါးစွာရရှိခြင်းကြောင့် ကျေးရွာရှိစိုက်ပျိုးရေးလုပ်ငန်းများမှာ နှစ်စဉ်လိုလို ပျက်စီးဆုံးရှုံးမှုများရှိပါသည်။ မိုးခေါင်ချိန် အလုပ်အကိုင်ရှားပါးပြီး မြေယာမဲ့တောင်သူများနှင့် လက်လုပ် လက်စားများ အလုပ်အကိုင်ရှားပါး၍ ဝင်ငွေနည်းပါးခြင်းများ ကြုံတွေ့ရပါသည်။ စွန့်ပစ်ပစ္စည်းများ ကိုလည်း စနစ်တကျစွန့်ပစ်ကြပါသည်။

၉။ ကျား–မ ရေးရာ

ကျေးရွာတွင်ကျား/မဆိုင်ရာဆက်နွယ်မှုအနေအထားမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပါသည်။ ကျေးရွာတွင်အမျိုသား/အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျအားဖြင့် ပြောနိုင်သည်။ အုပ်ချုပ်ရေးအသင်းအဖွဲ့အစည်း

များတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက်ရှိသော်လည်း အခြားလူမှုရေး အသင်းအဖွဲ့များတွင်မူ အမျိုးသမီးပါဝင်မှု အသင့်အတင့်ရှိကြသည်။

၁၀။ ကျေးရွာမှရွေးချယ်ထားသောဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဦးစားပေးစီမံချက်	ဦးစားပေးအဆင့်
၁	မီးလင်းရေး	ကျေးရွာတွင်း(၀.၄)KV(၁.၄)မိုင် သွယ်တန်းခြင်း	၁
၂	ကျန်းမာရေး	ကျေးလက်ဆေးပေးခန်းဆောက်လုပ်ခြင်း	၂
၃	အခြေခံအဆောက်အဦ	စာကြည့်တိုက်ဆောက်လုပ်ခြင်း	၃
၄	အခြေခံအဆောက်အဦ	ကျေးရွာအားကစားကွင်းဆောက်လုပ်ခြင်း	၄
၅	စိုက်ပျိုးရေး	စိုက်ပျိုးမွေးမြူရေးအသိပညာပေးဟောပြောပွဲများပြုလုပ်ခြင်း	၅